ကက်သလစ်ခရစ်ယာန်များ၏ စိတ်ပုတီးစိတ်၍ဆုတောင်းခြင်း

ပုတီးစိတ်ခြင်းကို ဘာသာတရားတိုင်းလိုလို အကျွမ်းတဝင်ရှိလှပါတယ်။ ဂျာပ့ါမာလာ(Japa Mala) သို့မဟုတ် မာလာ(Mala)ဟူ၍ ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာနှင့် ဆစ်ခ်ဘာသာတို့တွင်လည်း ပုတီးစိတ်ခြင်းရှိကြပါတယ်။ အစ္စလာမ်ဘာသာတွင်လည်း မစ္စဘာဟာ်(Misbaha) ဟူ၍ ပုတီးစိတ်ကြတာကို တွေ့ရှိရပါတယ်။ ခရစ်ယာန်ဘာသာတွင်လည်း ရိုစရီ(Rosary)ဟူ၍ ပုတီးစိတ်ခြင်းရှိပါတယ်။ ဒီတော့ ပုတီးစိတ်ခြင်း ဓလေ့ကို ဘာသာတရားတိုင်းမှာလိုလို တွေ့မြင်ရသည်မှာ အထင်ရှားရှိလှပါတယ်။ သို့သော်လည်း ပုတီးစိတ်ပုံ စိတ်နည်းနှင့် ဆုတောင်းမေတ္တာများမှာတော့ ခြားနားကြတာအမှန်ပါ။

ခရစ်ယာန်ဘာသာတွင် စိတ်ပုတီးဆိုသည်မှာ (Rosarium) ရိုဇားရီယွန်ဟူသော လာတင်ဘာသာစကားမှ ဆင်းသက်လာပြီး နှင်းဆီပန်းများရစ်ခွေထားသော သရဖူဟုအဓိပ္ပာယ်ရပါတယ်။ အထူးသဖြင့် ကက်သလစ်အသင်းတော်၌ စိတ်ပုတီးစိတ်ခြင်းဟာ ဘုရား၏မယ်တော် မာရိယားအား သဒ္ဓါကြည်ညိုခြင်းအမှုတစ်ခုဖြစ်သည်ဟု လူသိများလှပါတယ်။ သို့သော်လည်း ၎င်းသဒ္ဓါကြည်ညိုခြင်းအမှုထက်ပို၍ နက်ရှိုင်းသည့် ဆုတောင်းနည်းတစ်ခုဖြစ်ကြောင်းကို လေ့လာတွေ့ရှိနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ စိတ်ပုတီးစိတ်သည့်အခါ သခင်ခရစ်တော်အား ဗဟိုထားခြင်းဖြစ်ပြီး ဘုရားသခင်ထံမှာ ဆုတောင်းကြခြင်းဖြစ်ပါတယ်။ မယ်တော်သခင်မအား သိကြားတမန်တော်မှမိန့်တော်ပြန်ခဲ့သည့် စကားများကို သံလုကာကျမ်းစာထဲကအတိုင်း ရွတ်ဆိုကာ ဧဝံဂေလိတရားတော်အတွင်းမှ ခရစ်တော်သခင်၏ဘဝတလျှောက်လုံးကို တရားထောက်ရှုသည့်အတွက် ဖြစ်ပါတယ်။

ကက်သလစ်ဓလေ့အတိုင်း စိတ်ပုတီးရွတ်ဆို ဆုတောင်းတော့မည်ဆိုလျှင် ခရစ္စတူးအမှတ်သားဖြင့် စတင်ကာ ရှေးဦးစွာ ယုံကြည်ခြင်းအချုပ်မေတ္တာကို ရွတ်ဆိုပါတယ်။ နောက်, ကောင်းကင်ဘုံ၌မေတ္တာတစ်ပုဒ်၊ အိုမာရီယာမေတ္တာ သုံးပုဒ်ကို ရွတ်ဆို၍ ပုဂ္ဂိုလ်သုံးပါးအား ဘုန်းဂုဏ်တော်ချီးမွမ်းပါတယ်။ ထို့နောက်တွင်မူ ပုတီးစိတ်ခြင်းကို အစေ့သုံးဆယ် သို့မဟုတ် အစေ့ငါးဆယ်ဖြင့် ဆက်လက်၍ ရွတ်ဆိုပုတီးစိတ်ကြပါတယ်။ ပုတီးတစ်ဆယ်တွင် ယေရှုးခရစ်တော်သခင်၏ဘဝအား နက်နဲလှစွာသော အချက်များကို တစ်ချက်ခြင်း စဉ်းစားထောက်ရှု့ကာ ကောင်းကင်ဘုံ၌မေတ္တာတစ်ပုဒ်ဖြင့် ပြန်လည်စတင်ကာ အာဝေမာရီယာ ၁၀ ပုဒ်ကို ပုတီးစေ့ တစ်စေ့ခြင်းဖြင့် ရွတ်ဆိုသွားရပါတယ်။ ဤသို့ဖြင့် ပုတီးစေ့ တစ်ဆယ်ပြီးတိုင်း နောက်တစ်ဆယ်အကူးတွင် နက်နဲဖွယ်ရာအချက်တစ်ချက် ထောက်ရှု့ကာ နောက်ထပ် တစ်ဆယ်ကို ယခင်နည်းအတိုင်း ဆက်လက်ရွတ်ဆို ပုတီးစိတ်ကြပါတယ်။

ပုတီးစိတ်ခြင်းဓလေ့မှာ ရှေးကျလွန်းလှသော်လည်း ယနေ့ကျနော်တို့ ကက်သလစ်ခရစ်ယာန်များ အသုံးပြုနေသည့် ပုတီးစိတ်နည်းမှာ ခေတ်လယ်ပိုင်း ၁၃ ရာစုမှစတင်ခဲ့သည်ဟု ဆိုနိုင်ပါတယ်။ ၁၂၁၄ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၊ ပရူးမြို့ (Prouille)ရှိ ဘုရားကျောင်းထဲတွင်

မယ်တော်မာရိယာသည် မိမိကိုယ်ကို စိတ်ပုတီး၏သခင်ဟူသောဘွဲ့အမည်ဖြင့် ရူပါရုံပြခဲ့ပြီး စိတ်ပုတီးပေးခဲ့ခြင်းဖြစ်ပါတယ်။ စိန်ဒေါမီနစ်သည် အာဘီဂျမ်းစီးယမ်းဟူသော အယူဝါဒလွဲမှားနေသူများကို ပြောင်းလဲခြင်းရဖို့အတွက် ပြင်သစ်ပြည်တောင်းပိုင်းတွင် တရားလှည့်လည်ဟောပြောနေခဲ့ပါတယ်။ တနေ့တွင် ၎င်း၏သာသနာပြုခြင်းမှာ အောင်မြင်ဖွယ်မရှိသည်ဟုထင်လာ၍ စိတ်ပျက်ပျက်ဖြင့် ပရူးမြို့ရှိ ဘုရားကျောင်းငယ်အတွင်း သွားရောက်ဆုတောင်းကာ ညလုံးပေါက်နေခဲ့ပါတော့တယ်။ ထိုသို့နေစဉ် မယ်တော်မာရိယာသည် ရူပါရုံ ကိုယ်ထင်ရှားပြကာ စိန်ဒေါမီနစ်အား နှစ်သိမ့်စကားပြောနေခဲ့ပါတော့တယ်။ မယ်တော်က စိန်ဒေါမီနစ်အား - ချစ်သား ဒေါမီနစ်၊ ကမ္ဘာကြီးကို ပြုပြင်ပြောင်းလဲဖို့အတွက် သန့်ရှင်းသောပုဂ္ဂိုလ်သုံးပါး ဘုရားတစ်ဆူသည် သင့်အား မည်သည့်ကိရိယာကိုအသုံးပြုစေသလဲဆိုတာ သင်သိပါသလား၊ ဟုမေးမြန်းခဲ့ရာ။-အကျွန်ုပ်ထက် အမိမယ်တော်သခင်မသည် ပို၍သိပါလိမ့်မယ်။ အဘယ်ကြောင့်ဆိုသော သခင်မကိုယ်တော်တိုင် ကယ်တင်ခြင်း၏အစိတ်အပိုင်းတစ်ခုဖြစ်သောကြောင့်ပါ ဟူ၍ ပြန်လည်ဖြေဆိုခဲ့ပါတယ်။ ထိုအခါ မယ်တော်သခင်မမှ- ချစ်သား၊ ယခုလိုပြုပြင်ပြောင်းလဲရေးအတွက် အထူးကရိယာမှာ ဓမ္မသစ်ကျမ်း၏ အုပ်မြစ်ဖြစ်သည့် ဆာလံတေးဆိုခြင်းမေတ္တာပင်ဖြစ်တယ်။ ဒါကြောင့် ဝိညာဉ်များစွာကို အနိုင်ယူပြီး ဘုရားသခင်ဆီသို့ပို့ဆောင်နိုင်ရန် ဤသို့ဆာလံတေးများအကြောင်းကို ဟောပြောလော့။-ဟု မိန့်မှာခဲ့ပါတယ်။ ဤသို့အားဖြင့် ဆာလံကျမ်း ၁၅၀အတိုင်း ဆာလံတေးအဖြစ် ကောင်းကင်ဘုံ၌မေတ္တာကို အခါ ၁၅၀ ရွတ်ဆိုခြင်းဖြင့် စိတ်ပုတီးစိတ်ခြင်းကို စတင်ခဲ့ပါတော့တယ်။ ထို့နောက်မှ ယနေ့အသုံးပြုသည့်အတိုင်း ပြောင်းလဲလာခဲ့ခြင်းဖြစ်ပါတယ်။

၎င်းအချိန်မှစ၍ စိတ်ပုတီးစိတ်ခြင်းသည် ကက်သလစ်အသင်းတော်၌ တွင်ကျယ်လာခဲ့ပါတယ်။ စိတ်ပုတီးအားဖြင့် စိန်ဒေါမီနစ်သည် အာဘေဂျင်းစီးယမ်းဟုခေါ်သော အသင်းတော်၏ယုံကြည်ရာချက်များကို လွဲမှားစေသော အယူဝါဒလွှမ်းမိုးမှု့မှ ဘာသာဝင်တို့အား လမ်းမှန်သို့ပြန်ခေါ်ယူနိုင်ခဲ့တယ်။ ၁၅၇၁ခုနှစ်တွင်လည်း လယ်ပန်တိုစစ်ပွဲအောင်မြင်ရခြင်းမှာလည်း စိတ်ပုတီး၏အံ့သြဖွယ်တန်ခိုးကြောင့် ဖြစ်ကြောင်း ပုပ်ရဟန်းမင်းကြီး ပီဦး (၅)မှ သက်သေခံကာ အသင်းတော်အတွင်း စိတ်ပုတီးစိတ်ခြင်းကို တိုးမြှင့်အားပေးခဲ့လေတယ်။ ထို့အပြင် အောက်တိုဘာလ (၇) ရက်နေ့ကိုလည်း သန့်ရှင်းသောစိတ်ပုတီး၏ပွဲနေ့အဖြစ် သတ်မှတ်ပေးခဲ့ပါတယ်။ ၁၉၁၇ခုနှစ်တွင်လည်း ပေါ်တူဂီနိုင်ငံရှိ ဖာတီမာကျေးရွာလေးတွင် သိုးထိန်းလေး သုံးဦးဖြစ်သည့် လူစီယား၊ ဂျပ်စင်းတာနှင့် ဖရန်စစ်စကိုတို့အား မယ်တော်သခင်မသည် ရူပါရုံဖြင့် မိမိကိုယ်ကို စိတ်ပုတီး၏သခင်မ ဖြစ်ကြောင်းဖွင့်ဟပြောဆိုရင်း ကွန်မြူနစ်အင်အား ကျရှုံးမည်ကို ကြိုတင်ဟောပေးခဲ့ပြီး ထိုခေတ်ထိုအချိန်၌ လူတို့ကြုံတွေ့နေရသော ကပ်ဘေးများ၊

ဆင်းရဲခြင်းများ၊ စိတ်ပျက်အားလျော့မှုများနှင့် အခြားသော ဝေဒနာများစွာကိုလည်း နှစ်သိမ့်အားပေးခဲ့သည်။ သို့ဖြစ်၍ စိတ်ပုတီးကို နေ့စဉ်စိတ်ဆိုကြရန် တိုက်တွန်းခဲ့ပါတယ်။

ရှေးအစဉ်အလာအရ စိတ်ပုတီးကို အလုံးရေ ၁၅၀လုံးဖြင့် ဆာလံကျမ်း ၁၅၀ကျမ်းနှင့် နှိုင်းယှဉ်ကာ စိတ်ဆိုကြပါတယ်။ ဆာလံကျမ်း ၁၅၀ကို ဘာသာရေးအသင်းဂိုဏ်းများအတွင်း နံနက်မေတ္တာ၊ နေ့ခင်းမေတ္တာ၊ ညနေခင်းမေတ္တာနှင့် ညမေတ္တာအဖြစ် နေ့စဉ်ရွတ်ဆိုနေကြတာ ဖြစ်ပါတယ်။ ထိုပုတီးရေ အလုံး ၁၅၀ကို ငါးဆယ်စီခွဲကာ ကက်သလစ်ဓမ္မတရားများဖြစ်သည့် နက်နဲဖွယ်ရာ သုံးခုကြီးဖြင့် စိတ်ကြပါတယ်။ အံ့ဩဖွယ်ရာ နက်နဲချက်မှာ သိကြားတမန်တော်မှ မာရိယာကို ဘုရား၏သားတော်အား မွေးဖွားရမည်ဖြစ်ကြောင်း အမိန့်တော်ပြန်သည့်အချက်မှ အစ်မဝမ်းကွဲ ဧလီဇဗက်နှင့် တွေ့ဆုံခြင်း၊ ယေရှုမွေးဖွားမြင်ခြင်း၊ ဘုရားကျောင်းဗိမာန်တွင် ယေရှုအား ဆက်ကပ်ခြင်းနှင့် ဗိမာန်တော်ပွဲမှာ ယေရှုသူငယ်တော်ပျောက်ဆုံးပြီး ပြန်လည်ရှာဖွေတွေ့ရှိခြင်းထိတိုင် တရားထောက်ရှုပါတယ်။ ဝမ်းမြောက်ဖွယ်ရာ နက်နဲချက်တွင် သခင်ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းနှင့် အစပြု၍ ယေရှုခရစ်တော် ကောင်းကင်ဘုံသို့ တက်ကြွတော်မူခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်ဘုရား ဆင်းကြွခြင်း၊ မယ်တော်အား ကောင်းကင်ဘုံသို့ပင့်ဆောင်ခြင်းနှင့် မယ်တော်သခင်အား ကောင်းကင်ဘုံ၏ဘုရင်မဘွဲ့ပေးအပ်သည့် အချက်ထိတိုင် တရားထောက်ရှုပါတယ်။ ဝမ်းနည်းဖွယ်ရာနက်နဲချက်မှာတော့ ယေရှုခရစ်တော်၏ဒုက္ခစရိယာ အကြောင်းကို တရားထောက်ရှုပါတယ်။

၂၀၀၂ခုနှစ်တွင် ပုပ်ရဟန်းမင်းကြီး ဒုတိယမြောက် ဂျွန်ပေါလ်မှ စိတ်ပုတီးနှင့်ပတ်သက်၍ စာချွန်တော်တစ်စောင် ရေးသားပြီး စိတ်ပုတီးအလုံးအရေ နောက်ထပ် ၅၀ ထပ်မံတိုးခဲ့ပြီး ထိုစိတ်ပုတီးအလုံး ၅၀ ကို အလင်း၏နက်နဲဖွယ်ရာအဖြစ် တရားထောက်ရှုစေခဲ့ပါတယ်။ အလင်း၏နက်နဲဖွယ်ရာမှာ သခင်ခရစ်တော်၏ ဆေးကြော်ခြင်းမင်္ဂလာခံယူခြင်းမှစ၍ ကာနန်မြို့လက်ထပ်ပွဲမှ တန်ခိုးလက္ခဏာ၊ ကောင်းကင်နိုင်ငံတော် တရားဒေသနာတော်၊ တောင်ပေါ်၌ အဆင်းသဏ္ဍာန်ပြောင်းလဲခြင်းနှင့် ယေရှုခရစ်တော်၏ ကိုယ်တော်မြတ် စက္ကရမင်တူး တည်ထောင်ခြင်း အကြောင်းများကို တရားထောက်ရှုကြပါတယ်။ ထို့ကြောင့် ကျနော်တို့ ကက်သလစ်ခရစ်ယာန်များသည်လည်း မယ်တော် မာရိယာနှင့်အတူ ထိုနက်နဲဖွယ်ရာအချက်များကို တရားထောက်ရှုရင်း ယုံကြည်ခြင်း၌တိုးပွားလျက်၊ မျှော်လင့်ခြင်းနှင့်အတူ  မေတ္တာတရားဖြင့် ရှင်သန်သွားနိုင်ရန် စဉ်းစားထောက်ရှုရင်း ဆုတောင်းခွန်အားယူခြင်းဖြစ်ပါကြောင်း ဝေငှလိုက်ရပါတယ်။

မနောအောင်